## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၉)
# ကောင်းကင်၌ရှိသောသင်၏ အိမ်

မာကိုပိုလိုသည် အရှေ့ဖျားဒေသမှ မိမိမြို့ရွာဖြစ်သောဗင်းနစ်သို့ရောက်သောအခါ သူ၏မိတ်ဆွေတို့သည် သူ့အားစိတ်ဖေါက်ပြန်သည်ဟုသတ်မှတ်ကြ၏။ သူသည် ခရီးအပြန်တွင် ဗဟုသုတနှင့်ပုံပြင်များပါလာသည်။ သူရောက်ခဲ့သောမြို့တစ်မြို့မှာ ရွှေနှင့်ငွေအပြည့်ရှိကြောင်းနှင့် ကျောက်အနက်တစ်လုံးသည်မီးလောင်နေကြောင်း ပြောပြသည်။ ထိုစဉ်က လူတို့သည် ကျောက်မီးသွေးရှာဖွေတွေ့ရှိခြင်းမရှိသေးပါ။ မီးမလောင်သောအဝတ်အကြောင်း ပြောပြသည်။ ထိုစဉ်ကလည်း ဘိလပ်မြေမှလုပ်သော (မျက်နှာကျက်ကျောက်ပြား) အဝတ်ကိုမကြားဖူးကြသေးပါ။ ခြေလှမ်းဆယ်လှမ်းခန့်ရှည်သောမြွေကြီးအကြောင်း၊ ပါးစပ်ပေါက်ကြီးသည်လည်း လူတစ်ယောက်ချောင်ချောင်ချိချိ ဝါးမျိုနိုင်ကြောင်း၊ အဆီထွက်သောအသီးမှာ လူ၏ဦးခေါင်းလောက်ရှိကြောင်းနှင့် သူ၏အရည်သည်လည်း နို့ရည်ကဲ့သို့ဖြူကြောင်း၊ မြေကြီးမှထွက်လာသောအရည်သည်လည်း မီးရှို့နိုင်ကြောင်း၊ သို့ရာတွင် ထိုစဉ်ကလူသားတို့သည် မိကျောင်းအုန်းသီး၊ ရေနံစိမ်းတို့ကိုမမြင်ဖူးကြသေးကြောင်း ဤပုံများတို့ကိုကြားရသောမိတ်ဆွေများတို့သည် ရယ်မော၍ လှောင်ပြောင်ကြသည်။ နှစ်ပေါင်းများစွာကြာပြီးသည့်နောက် မာကိုပိုလိုသေခါနီးတွင် သူနှင့်အလွန်ရင်းနှီးသော သူတော်စင်တစ်ဦးက သူ့အိပ်ရာအနားသို့လာ၍ သူပြောခဲ့သောပုံများတို့ကိုမဟုတ်မမှန်ကြောင်းပြောဆိုရန် တောင်းပန်ခိုင်းလေသည်။ မာကိုပိုလိုသည်ငြင်းဆန်လေသည်။ “ကျွန်တော်ပြောတာအားလုံးမှန်တယ်။ တကယ်ပြောရလျှင် ကျွန်ုပ်အမြင်ဖြင့် ထက်ဝက်မျှသာပြောပြခြင်းဖြစ်သည်။” ကျမ်းစာရိုစာရေးဆရာတို့သည် ကောင်းကင်အကြောင်းနှင့် ပတ်သက်၍ ကွက်ကွက်ကွင်းကွင်းရေးသားခဲ့သောအခါ ကျမ်းစကားတို့သည် မာကိုပိုလို၏စကားနှင့်ထပ်တူထပ်မျှ တူလှပေသည်။ မြင်ခြင်းတွင်ပုရောဖက်များတို့၏အမြင်ဖြင့်ရေးသားသောအကြောင်းအရာတို့သည် ကွက်ကွက်ကွင်းကွင်း တောက်ပြောင်သောအရာတို့ကိုဖေါ်ပြသောအခါ သူတို့မြင်ရသောအရာထက်ဝက်မျှသာရှိ၏။ ထို့ကြောင့် မာကိုပိုလို၏ မိတ်ဆွေများအတွေးအခေါ်နှင့်ကျွန်ုပ်တို့၏အတွေးအခေါ်သည်တူညီလှပေသည်။ ကျွန်ုပ်တို့သည် မိကျောင်းနှင့် အုန်းသီးအကြောင်းတို့ကိုထည့်၍ စဉ်းစားသင့်ပေသည်။ ကောင်းကင်နိုင်ငံတော်၏မြင်ကွင်းကို ကျမ်းစာဖေါ်ပြချက် အရ၊ တိမ်ပေါ်တွင်ထိုင်၍ စောင်းတီးနေသောမြင်ကွင်းနှင့်တူလှ၏။

## ၁။ ကောင်းကင်နိုင်ငံတော်သည်အမှန်တကယ်ရှိပါသလား

ခရစ်တော်သည် ကျွန်ုပ်တို့အတွက်အမှန်တကယ်ဖြစ်သော ကောင်းကင်အိမ်တော်ကိုပြင်ဆင်လျက်ရှိပါသည်။ “ယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်” (ယောဟန် ၁၄း၁–၃)။ ခရစ်တော်သည် ကျွန်ုပ်တို့၏ကမ္ဘာသို့ ဒုတိယအကြိမ်ကြွလာမည်။ ကောင်းကင်မြို့တော်၌ ထိုပြင်ပြီးသားအိမ်တွင် စဉ်းစား၍ဉာဏ်မမီသောတိုက်နန်းတွင်နေရမည်။ ထိုမြို့သည် ယေရုရှလင်မြို့သစ်ဖြစ်၏။ ထိုနေရာ၌နှစ်ပေါင်းတစ်ထောင်နေပြီးသည်နောက်တွင် ခရစ်တော်သည် ကောင်းကင်နိုင်ငံရှိအိမ်များကို ဤကမ္ဘာမြေကြီးပေါ်သို့ရွှေ့ပြောင်းယူဆောင်လာမည်။ ယေရုရှလင်မြို့သစ်သည် ဤကမ္ဘာပေါ်သို့ဆင်းသက်လာစဉ် ဘုရားသခင်သည် ဤကမ္ဘာကြီးကို မီးဖြင့်ဆေးကြောပစ်မည်ဖြစ်သည်။ ဤကမ္ဘာသစ်တွင် ကျွန်ုပ်တို့သည်ထာဝရနေရမည်ဖြစ်ပါသည်။ (ဗျာ၊ ၂၀း၇–၁၅)။ ဆက်လက်လေ့လာလိုလျှင် လမ်းညွှန် (၂၂) တွင်ကြည့်ပါ။

**Revelation** ပြုစုသောယောဟန်သည် မည်ကဲ့သို့ထပ်မံ၍ဖော်ပြထားသနည်း။ “ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ၊ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက် ဘုရားသခင်အထံတော်ကောင်းကင်ဘုံမှဆင်းသက်သည်ကိုငါမြင်၏။ ကောင်းကင်မှကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူတည်ရှိတော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်” (ဗျာ၊ ၂၁း၁–၃)။ ဘုရားသခင်သည် မီးအားဖြင့် ကမ္ဘာကြီးကိုပြုပြင်ပြောင်းလဲပြီးသည့်နောက် ခရစ်တော်၏စကားအရ၊ မည်သူသည်ဤကမ္ဘာကြီးတွင်နေမည်နည်း။ “စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သူတို့သည်ပြည်တော်ကိုအမွေခံရကြလတ္တံ့။” (မဿဲ ၅း၅)။ (ဗျာ၊ ၂၁း၇) ကိုလည်းဖတ်ပါ။

ခရစ်တော်သည် မိမိဖန်ဆင်းခဲ့သောကမ္ဘာကြီးကို မူရင်းကမ္ဘာကြီးအတိုင်းပြန်လည်ဖန်ဆင်းလို၏။ စိတ်နှိမ့်ချသောသူတို့သည် ကမ္ဘာကြီးကိုအမွေခံရကြလတ္တံ့။

## ၂။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်တွင် အမှန်တကယ်ကိုယ်ကာယဖြင့်နေရပါမည်လား

ခရစ်တော်သည်ထမြောက်ရှင်ပြန်၍ ဘုန်းတန်ခိုးတော်အားဖြင့် ပြည့်စုံသောကိုယ်ကာယဖြင့်နေခဲ့ကြောင်းကို မည်ကဲ့သို့ဖော်ပြထားသနည်း။ “ငါ့လက်ကိုကြည့်ကြလော့၊ ငါ့ခြေကိုလည်းကြည့်ကြလော့၊ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြလော့။ ငါသည်သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏” (လုကာ ၂၄း၃၉)။

ခရစ်တော်သည် အမှန်တကယ်ကိုယ်ရှိ၏။ သူသည် သောမကိုခေါ်၍ ငါ့ကိုစမ်းလော့။ (ယောဟန် ၂၀း၂၇)။ ဤအချိန်အခါတွင် ခရစ်တော်သည်တကယ့်အိမ်ထဲသို့ဝင်၍ တကယ့်လူနှင့်ပြောဆိုကာ တကယ့်အစာကိုစား၏။ (လုကာ ၂၄း၄၃)။

ကောင်းကင်နိုင်ငံတော်တွင်တစ္ဆေမရှိ။ တကယ့်လူသားများဖြစ်၍ ဝိညာဉ်တော်အသက်တာဖြင့် ဘုန်းတန်ခိုးရှိသောကိုယ်ကာယနှင့်ရှိသည်။ "ငါတို့ကျင့်သောအကျင့်မူကား၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင်ယေရှုသည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည်မျှော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသောကိုယ်ခန္ဓာတော်နည်းတူဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတ္တံ့" (ဖိလိပ္ပိ ၃း၂၀၊ ၂၁)။ ကျွန်ုပ်တို့ကောင်းကင်၌နေရမည့်ကိုယ်ကာယသည် ခရစ်တော်ထမြောက်ရှင်ပြန်ခဲ့သောကိုယ်ကာယနှင့်ထပ်တူထပ်မျှဖြစ်မည်။

ကျွန်ုပ်တို့သည်မိသားစုနှင့်မိတ်ဆွေများတို့ကို ကောင်းကင်နိုင်ငံတွင်သိရှိကြမည်လား။ "ယခုတွင်ငါတို့သည်မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင် ငါ့အသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်" (၁ကော ၁၃း၁၂)။

ကောင်းကင်နိုင်ငံတော်တွင် ကျွန်ုပ်တို့သည်ပြည့်စုံစွာသိရှိကြလိမ့်မည်။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးသိရှိရုံမျှမက တစ်ဦးကိုတစ်ဦး ဤကမ္ဘာကြီးပေါ်မှာနေစဉ်အခါထက် နှစ်သက်ကြလိမ့်မည်။ ခရစ်တော်သည် ကောင်းကင်ကိုယ်ကာယဖြင့်ရှိနေသော်လည်း တမန်တော်တို့သည် သူ့အားမှတ်မိ၏။ အလှည့်မသင့်လျှင် သူ၏ရုပ်နာမ်သဏ္ဌာန်ကြောင့်ဖြစ်မည် (လုကာ ၂၄း၃၆–၄၃)။ မာရိသည် ခရစ်တော်အား သင်္ချိုင်း၌ရှိစဉ် သူ၏အသံကြောင့်သိ၏ (ယောဟန် ၂၀း၁၄–၁၆)။ သူ၏တမန်တော်နှစ်ပါးတို့သည် ယေရုရှလင်မြို့မှဧမောက်သို့ခရီးထွက်သောအခါ ခရစ်တော်၏အမူအရာနှင့် စားပွဲတွင်ဆုတောင်းသံကိုကြားသောအခါ သူမှန်းရိပ်မိ၏ (လုကာ ၂၄း၁၃–၃၅)။

ကယ်တင်ခြင်းခံရသောသူတို့သည် စိတ်ရွှင်လန်းခြင်းနှင့်လည်းကောင်း၊ ဝမ်းမြောက်စွာဖြင့်လည်းကောင်း မျက်နှာချင်းဆိုင်တွေ့ဆုံရသောအခါ တစ်ဦးကိုတစ်ဦးမှတ်မိသတိရမည်။ ကိုယ်၏ဇနီး၊ ခင်ပွန်းပြုံးရွှင်သောမျက်နှာကိုသိရှိ၍ ဝမ်းမြောက်ခြင်းရှိမည်။ ရင်းနှီးခဲ့သောသားသမီးတို့၏အသံကိုလည်း သိရှိနားလည်မည်။ ရင်းနှီးသောအမူအရာနှင့် ပြောဆိုသောမိတ်ဆွေ၏အသံနှင့်မျက်နှာကိုလည်း သိရှိမှတ်မိမည်။ ထာဝရအသက်နှင့် ရင်းနှီးသောဆက်ဆံမှုအားဖြင့် ထူးချွန်သောပုဂ္ဂိုလ်ကိုလည်းမိတ်ဖွဲ့ရမည်။

## ၃။ ကောင်းကင်နိုင်ငံတော်တွင် ကျွန်ုပ်တို့သည်မည်သည့်လုပ်ငန်းကိုလုပ်ဆောင်မည်နည်း

ကောင်းကင်နိုင်ငံတော်တွင် ကျွန်ုပ်တို့လုပ်ဆောင်ရန်လုပ်ငန်းများစွာရှိသည်။ ကျွန်ုပ်တို့သည်စိတ်ကူးယဉ်နှင့်အိမ်ပုံဆန်းတစ်လုံးဆောက်လျှင်မဖြစ်ပါလား။ "ကြည့်ရှုလော့၊ မိုးကောင်းကင်နှင့်မြေကြီးကိုမအောက်မေ့ရ။ နှလုံးမမှတ်မိရ။ ငါဖန်ဆင်းလတ္တံ့သောအရာကြောင့် သင်တို့သည်အစဉ်အမြဲဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရုရှလင်မြို့ကို ဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကိုရွှင်လန်းစရာအကြောင်းဖြစ်စေခြင်းငှါ ငါဖန်ဆင်း၏။ ငါသည်လည်း ယေရုရှလင်မြို့ကြောင့် ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့်ရွှင်လန်းမည်။ ထိုမြို့၌ငိုကြွေးသံနှင့် အော်ဟစ်သံကိုနောက်တစ်ဖန်မကြားရ။ ထိုမြို့၌အသက်ငယ်သောသူငယ်မရှိရ။ အသက်မပြည့်စုံသောလူအိုလည်းမရှိရ။ အသက်တစ်ရာရှိလျက် သေသောသူကို သူငယ်ဟူ၍မှတ်ရမည်။ အပြစ်ရှိသောသူသည် အသက်တစ်ရာရှိလျက် သေလျှင်ကျိန်ခြင်းကိုခံရသောသူဟူ၍မှတ်ရ၏။ ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏

လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍ သူတို့သည်ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်” (ဟေရှာယ ၆၅:၁၇–၂၂)။

ခရစ်တော်သည် ကြိုတင်ကာပုဂ္ဂလိကအိမ်များကို ကျွန်ုပ်တို့အတွက်သန့်ရှင်းသောယေရုရှလင်မြို့တွင်းတွင် ပြင်ဆင်ပြီးလျက်သားရှိပါသည် (ယောဟန် ၁၄:၁–၃။ ဗျာ၊ ၂၁)။ ဤကျမ်းချက်များအားဖြင့် ကျွန်ုပ်တို့နားလည်ရသည်မှာ ကျွန်ုပ်တို့သည်စိတ်တိုင်းကျအိမ်ကိုဆောက်မည်ဖြစ်ကြောင်းနှင့် ပန်းဥယျာဉ်များတို့ကိုစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ခေတ်ပေါ်စက်ကိရိယာမျိုးစုံနှင့်ပြင်ဆင်စီစဉ်ထားမည်ဖြစ်ကြောင်း၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သောတိုးတက်မည့်စက်မှုဆိုင်ရာလုပ်ငန်းပေါင်းစုံနှင့် လုပ်ကိုင်နေထိုင်သွားမည်ဖြစ်ကြောင်း သိရှိနားလည်နိုင်ပါသည်။

သင်သည် ရေတံခွန်သံကြားရသောအခါ နှစ်သက်ပါသလား (သို့တည်းမဟုတ်) တောတောင်စိမ့်စမ်းဆိတ်ငြိမ်ရာကိုနှစ်သက်ပါသလား (သို့မဟုတ်) မုတ်သုန်သစ်တောကြီးများကိုနှစ်သက်ပါသလား (သို့တည်းမဟုတ်) မွှေးကြိုင်သောပန်းရနံ့နှင့်ပြည့်စုံသောပတ်ဝန်းကျင်ကိုနှစ်သက်ပါသလား။ “ထိုသို့နှင့်အညီ ထာဝရဘုရားသခင်သည် ဇိအုန်မြို့ကိုချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာအရပ်အလုံးစုံတို့ကိုချမ်းသာပေးမည်။ သူ၏တောကို ဧဒင်အရပ်ကဲ့သို့လည်းကောင်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရားသခင်၏ဥယျာဉ်တော်ကဲ့သို့လည်းကောင်း ဖြစ်စေတော်မူသဖြင့် ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်လန်းခြင်းကျေးဇူးတော်ကို ချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့်ပြည့်စုံလိမ့်မည်” (ဟေရှာယ ၅၁:၃)။

ဘုရားသခင်သည် ကမ္ဘာကြီးကိုမူလဧဒင်ဥယျာဉ်ကဲ့သို့ပြောင်းလဲပစ်မည်။ ထိုနေရာတွင် ဆီပေကျံခြင်း၊ မီးခိုးမှောင်ထခြင်းနှင့် မိုးခေါင်ခြင်းလုံးဝရှိတော့မည်မဟုတ်ပါ။ ရေကန်များတို့သည် တောက်ပကြည်လင်၍လည်းကောင်း၊ သစ်ပင်တို့သည် စိမ်းလန်းစိုပြည်၍လည်းကောင်း၊ တောင်ကလပ်တို့သည် ပန်းမြက်ခင်းများနှင့်လည်းကောင်း လှပတင့်တယ်ကြလိမ့်မည်။ ကမ္ဘာ၏အလှသာမကသေးဘဲ ကျွန်ုပ်တို့၏ဖျော်ဖြေမှုအတွက် အထူးတလည်အေးချမ်းသာယာစိမ်းလန်းစိုပြည်ကာ ခံစားမှုနှင့်မြင်ကွင်းများအတွက်ဖြစ်စေမည်။ ပထမမိနစ်ပိုင်းအတွင်း ခံစားရသောရှုခင်းသည် ထာဝရခံစားရမည့်ကြည်နူးမှုဖြစ်စေမည်။

## ၄။ နတ်ဆိုးတို့သည် ကောင်းကင်နိုင်ငံတော်ကိုအန္တရာယ်ပေးနိုင်ဦးမည်လား

“ညစ်ညူးသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာတစ်စုံတစ်ခုမျှမဝင်ရဘဲ သိုးသငယ်၏အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင်ဝင်ရမည်” (ဗျာ၊ ၂၁:၂၇)။ ဘုရားသခင်သည် အပြစ်နှင့်အန္တရာယ်ကြီးသောနောက်ဆက်တွဲများကိုလုံးလုံးသုတ်သင်ပစ်မည်။ ထိုအရာတို့သည်လုံးဝမပေါ်လာနိုင်တော့ပါ။ ခရစ်တော်ကြွလာလျှင် ကျွန်ုပ်တို့သည်ခရစ်တော်နှင့်တူမည် (၁ယော ၃:၂)။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးဆန္ဒအလျောက်သတ်ခြင်း၊ ခိုးခြင်း၊ လိမ်လည်ခြင်း၊ မုဒိမ်းကျင့်ခြင်းများကိုမကျူးလွန်တော့ဘဲ နိုင်ငံတော်၏ကျေးဇူးတရားနှင့်ပညတ်တော်များကိုသာလိုက်လျှောက်တော့မည်ဖြစ်ပါသည်။ “ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန်သေဘေးမရှိရ၊ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည်ရွေ့သွားကြပြီ” (ဗျာ၊ ၂၁:၄)။ နောက်ဆုံးရန်သူတည်းဟူသောသေခြင်းသည် ပပျောက်သွားမည်။ ကောင်းကင်နိုင်ငံတော်၏နယ်မြေအတွင်း ထာဝရနေပျော်မှုသည် ထာဝရအသက်နှင့်ယှဉ်တွဲကာ ကယ်တင်ခြင်းခံရသောသူတို့သည်ရကြလိမ့်မည်။ (၁ကော ၁၅:၅၃)။ ကောင်းကင်နိုင်ငံသားတစ်ဦးမျှ

အိမ်းမစွမ်း၏ဒဏ်ကိုခံရတော့မည်မဟုတ်ပါ။ ထာဝရဘုရားသခင်သည် အပြစ်၏နောက်ဆက်တွဲများကိုဖျက်ဆီးပစ်မည်။ "ထိုအခါ မျက်စိကန်းသောသူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်။ နားပင်းသောသူတို့သည် နားပင်းခြင်းနှင့်လွတ်ကြလိမ့်မည်။ ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ခုန်ကြလိမ့်မည်။ စကားအသောသူတို့သည် သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကား၊ တော၌စမ်းရေထွက်၍ လွင်ပြင်၌မြစ်ရေစီးလိမ့်မည်" (ဟေရှာယ ၃၅:၅၊ ၆)။

## ၅။ ကောင်းကင်၌ခံစားမှုအကြီးဆုံးသည် မည်သည့်အရာဖြစ်သနည်း

စကြဝဠာသခင်နှင့်မျက်နှာချင်းဆိုင်မြင်သောအခါ "ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူတည်ရှိတော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်" (ဗျာ၊ ၂၁:၃)။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့်ဆရာဖြစ်မည်။ ကယ်တင်ခြင်းခံရသောသူတို့သည် ထူးကဲသောအခွင့်အရေးရှိမည်။ သူတို့သည် သီချင်းပါရဂူ၊ သိပ္ပံ၊ ဝိဇ္ဇာအကျော်အမော်များဖြင့်ဆက်ဆံရမည်။ အထူးသဖြင့် စကြဝဠာနှင့်ပထဝီမြေကြီးကိုဆက်ဆံလာသောအခါ ဝတ်ပြုကိုးကွယ်လိုသောစိတ်ဆန္ဒဖြစ်ပေါ်လာလိမ့်မည်။ "လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှါ လဆန်းနေ့နှင့်ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏" (ဟေရှာယ ၆၆:၂၃)။ ကောင်းကင်ယေရုရှလင်မြို့သစ်သည် အလယ်တွင်ပလ္လင်အဖြူတစ်ခုရှိမည်။ ထိုပလ္လင်ပေါ်တွင် မြရောင်သန်းသောသက်တန့်ဖြင့်ဝန်းရံကာ သူ၏မျက်နှာသည်လည်း နေရောင်ခြည်အလင်းကဲ့သို့ထိန်တောက်၍ သူ့ခြေဖဝါးအောက်တွင်လည်း မှန်ပင်လယ်အရပ်လေးမျက်နှာကဲ့သို့ကျယ်ပြန့်ကာ မျက်နှာပြင်အရောင်သည်လည်း စိန်ကျောက်ကဲ့သို့ထိန်တောက်ကာ ဘုန်းတော်ကိုချီးမွမ်းလျက် ကျေးဇူးတော်ကိုကြွေးကြော်၍ "ထာဝရဘုရားသခင်ကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍သီချင်းဆိုလျက် ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍ ဝမ်းနည်းခြင်းနှင့်ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်" (ဟေရှာယ ၃၅:၁၀)။

## ၆။ ကျွန်ုပ်တို့သည် ထိုနေရာတွင်ရှိရမည်၊ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်မျက်နှာချင်းဆိုင်ရန် စောင့်မျှော်လျက်ရှိပါသည်

ထို့ကြောင့် လူသားတို့ကိုအပြစ်မှကယ်တင်ခြင်းပေးခဲ့ပါသည်။ ထိုကယ်တင်ခြင်းဆုကျေးဇူးကို ကိုယ်တိုင်အခွင့်အရေးယူကာရယူရမည်။ ခရစ်တော်ကိုလည်း ကယ်တင်ရှင်သခင်အဖြစ်ယုံကြည်လက်ခံရမည်။ လက်ဝါးကပ်တိုင်မှပေးခဲ့သောအပြစ်လွတ်ခြင်းကို လိုလျက်ရှိကြောင်းသိရမည်။ "ညစ်ညူးသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာတစ်စုံတစ်ခုမျှမဝင်ရဘဲ သိုးသငယ်၏အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင်ဝင်ရမည်" (ဗျာ၊ ၂၁:၂၇)။ ခရစ်တော်သည် ကျွန်ုပ်တို့အားအပြစ်မှကယ်နုတ်သောကြောင့် သူ့ထံသို့ချဉ်းကပ်ကာတန်ခိုးခွန်အားကိုလက်ခံ၍ အပြစ်များကိုရှောင်ရှားရမည်။ ခရစ်တော်၏နိုင်ငံတော်ကိုတည်ထောင်ရာ၌ ယခုအချိန်တွင်ပင် အစပြုရမည်။ ပြုသောနေရာသည်လည်း နှလုံးသားအတွင်းဖြစ်ရမည်။ ထို့ကြောင့် သူသည်ကျွန်ုပ်တို့၏သောက၊ ဒေါသ၊ တပ်မက်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့် အပြစ်ရှိသည်ဟုနောင်တတရားပူးဝင်စွဲကပ်မှုများကိုပျောက်ကင်းစေနိုင်သည်။ ခရစ်တော်ကိုယုံကြည်ကိုးစားရခြင်းသည် လက်ရှိအသက်တာတွင်ပိုမိုထူးကဲစွာပြုပြင်ပြောင်းလဲပေးမည်။

"ထိုသခင်ကို သင်တို့သည်မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်း မမြင်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော ပြော၍မမီနိုင်သောရွှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်ကြသည်ဖြစ်၍ စိတ်ဝိညာဉ်ကိုကယ်တင်ခြင်းတည်း ဟူသော ယုံကြည်ခြင်းအကျိုးကိုခံရကြ၏" (၁ပေ ၁း၈၊ ၉)။ ခရစ်တော်ပေးခဲ့သောကြွယ်ဝသည့်အသက်တာနှင့် အခွင့်အရေးကိုသင်ရယူလိုပါသလား။ ခရစ်တော်၏ဖိတ်ခေါ်ခြင်းကို သင်မငြင်းဆန်ပါနှင့်။ "ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ" (ဗျာ၊ ၂၂း၁၇)။ ခရစ်တော်သည် သင့်အားယနေ့ပြောကြားဖိတ်ခေါ်ချက်ရှိပါသည်။ သူ၏ကျေးဇူးတရားကိုလက်ခံ၍ သူနှင့်ထာဝရနေနိုင်ရန် သင်လက်ခံပါ။ သူသည် သင့်အတွက်ကူညီမစကြောင်းနှင့် သင်သည် ကျေးဇူးတင်လိုကြောင်းပြောပြပါ။ ထိုသခင်၏ စကားကိုနားထောင်၍ ကိုယ်တော်၏ဖိတ်ခေါ်ခြင်းကိုကျွန်ုပ်လက်ခံပါ၏ဟုလျှောက်ပါ။

–o–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၉) အဖြေလွှာ ကောင်းကင်၌ရှိသောသင်၏အိမ်

အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကိုစက်ဝိုင်းခတ်ပါ။

၁။ မှန် – မှား တကယ့်ကောင်းကင်ပေါ်တွင် ခရစ်တော်သည် ကျွန်ုပ်တို့၏အိမ်ကိုပြုပြင်ထားသည်။

မှန် – မှား ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ကျွန်ုပ်တို့အားအိမ်တော်သို့ခေါ်ဆောင်မည်။

မှန် – မှား နောက်ဆုံးတွင် ကယ်တင်ခြင်းခံရသောသူတို့သည် ယေရုရှလင်မြို့သစ်နှင့်အတူ ကမ္ဘာသစ်သို့ပြန်လာမည်။

၂။ မှန် – မှား ကောင်းကင်တွင် ကျွန်ုပ်တို့သည် ခရစ်တော်ထမြောက်စဉ်ကရှိသည့်ကိုယ်ကာယမျိုးနှင့်တူသောကိုယ်ကာယရှိမည်။

မှန် – မှား ထမြောက်ရှင်ပြန်ပြီးသည့်နောက်တွင် ခရစ်တော်သည် တကယ့်ကိုယ်ကာယမရှိပါ။

မှန် – မှား ထမြောက်ရှင်ပြန်ပြီးသည့်နောက် ခရစ်တော်၏တမန်တော်တို့သည် ခရစ်တော်၏ပုံသဏ္ဌာန်အသံနှင့်အမူအရာများကိုမှတ်မိသည်။

မှန် – မှား ကျွန်ုပ်တို့၏မိသားစုများနှင့်မိတ်ဆွေများတို့သည် ကောင်းကင်တွင်ရင်းနှီးစွာနေမည်။

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် (x) ပေးပါ။

၃။ ကယ်တင်ခြင်းခံရသောသူသည် ကောင်းကင်နိုင်ငံတော်တွင် မည်သည့်အရာကိုပြုလုပ်မည်နည်း။

------ အိမ်များဆောက်မည်။ ------ စပျစ်ဥယျာဉ်များစိုက်မည်။

------ တကယ့်အစာစားမည်။ ------ ပျော်ရွှင်စွာနေမည်။

------ တိရစ္ဆာန်များကိုသတ်၍စားမည်။ ------ လုပခြင်းကိုရှုစားမည်။

------ သဲကန္တာရတွင်နေမည်။ ------ ဗဟုသုတအသစ်များခံစားရမည်။

၄။ ကောင်းကင်နိုင်ငံတော်သည် မည်သည့်အရာနှင့်တူမည်နည်း။

------ အပြစ်မရှိ။ ------ နာကျင်မှုမရှိ။

------ ဖျားနာမှုမရှိ။ ------ တစ်ခါတစ်ရံနာကျင်မှုရှိမည်။

၅။ ------ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ဝတ်ပြုကိုးကယ်မည်။ ------ ခရစ်တော်သည် ငါတို့၏အပေါင်းအသင်း

------ စိတ်ကြည်နူးစေသောသီချင်းများဆိုမည်။ ------ မသန့်ရှင်းမှုအနည်းအကျဉ်းရှိမည်။

**နှလုံးသားမေးခွန်း**

သင်၏အသက်တာတွင် ခရစ်တော်လာရောက်နေထိုင်ရန်နှင့် ကောင်းကင်ဗဟုသုတများရရှိနိုင်ရန် အဆင်သင့်ရှိသောအသက်တာဖြင့် ခရစ်တော်ပြင်ဆင်ပေးသောကောင်းကင်အိမ်တွင်နေရန်။

–၀–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်–––––––––––––––––––––––––––––––**

**လမ်းနှင့်အိမ်အမှတ်––––––––––––––––––––––––**

**မြို့––––––––––––––––––––––––––––––––––**

**နယ်–––––––––––––––––––––––––––––––––**

**ကိုးကွယ်သည့်ဘာသာ–––––––––––––––––––––**